**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄**

ဒေါ်စိုးမမမင်း နှင့် ဦးဝင်းမြင့်

**တရားလို** **တရားပြိုင်**

တရားလိုအတွက် ဦးရောဘတ်စန်းအောင်၊တရားလွှတ်တော်ရှေ့နေ

တရားပြိုင်အတွက် ဦးရဲနောင်၊တရားလွှတ်တော်ရှေ့နေ

**စီရင်ချက်**

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မေ လ ရက်

ဤအမှုမှာ တရားလိုက တရားပြိုင်အပေါ် ပြည်မြို့၊အမှတ်(၆)ဆံတော်ရပ်ကွက်၊ ကမ်းနားလမ်းရှိ PYAY STRAND HOTEL နှင့် မုယာပင်အနောက်ရပ်ကွက်ကျွန်းတောရှိ HAPPY PALACE KTV တို့နှင့် ပတ်သက်၍ တိကျခိုင်လုံသောစာရင်းဇယားဖြင့် ငွေကျပ်သိန်းပေါင်း နှစ်သောင်းတိတိပေးအပ်သည့်နေ့အထိ ဘဏ်တိုးနှုန်းနှင့်တကွ စာရင်းရှင်းလင်းခွဲဝေပေးစေလိုကြောင်း စွဲဆိုမှုဖြစ်သည်။

PYAY STRAND HOTEL သည်ပြည်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးဌာနပိုင်မြေကို တစ်လ ၅၀၀၀၀ိ ဖြင့် ငှားရမ်းပြီး ဆောက်လုပ်ထားခြင်းဖြစ်သည်။ ဦးကျော်နိုင်၊ ဦးဝင်းမောင်နှင့် တရားပြိုင်တို့၏ ရှယ်ယာများဖြင့် ဟိုတယ်လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည်။ ၂၈.၁.၂၀၁၀ နေ့တွင် ဦးကျော်နိုင်၏အစုရှယ်ယာကိုကျပ် သိန်း ၅၅၀ ဖြင့်လည်းကောင်း၊ ၂၆.၃.၂၀၁၀ နေ့တွင် ဦးဝင်းမောင်၏ အစုရှယ်ယာကို ကျပ်သိန်း ၅၅၀ ဖြင့် လည်းကောင်း တရားလို၏ ခင်ပွန်း ဦးအောင်ဆန်းကြည်ကဝယ်ယူခဲ့ပြီးပူးတွဲပိုင်ရှင်များဖြစ်လာကြသည်။ တရားပြိုင်သည် ဟိုတယ်မှ လစဉ် ရရှိသည့် ဒေါ်လာငွေ၊ ယူရိုငွေနှင့် FEC အပါအဝင်နိုင်ငံခြားငွေများကို လုပ်ငန်းစတင်သည့်နေ့မှစ၍ စာရင်းရှင်းလင်းခြင်းမရှိသေးပါကြောင်း၊ ဆောက်လုပ်ခဲ့သည့်ရုံးခန်း၊လုံးချင်းအိပ်ဆောင် ၃ ခန်း နှင့်ကားဂိုဒေါင် ဆောက်လုပ်ခြင်းတို့ကိုလည်း စာရင်းမရှင်းရသေးကြောင်း၊ ဦးအောင်ဆန်းကြည်ကွယ်လွန်ပြီးနောက် ၈ လအထိသာ နိုင်ငံခြားငွေမပါအကျိုးအမြတ်ခွဲဝေခဲ့ကြောင်းအဆိုပြုသည်။ HAPPY PALACE အမည်ရရှိ KTV မြေနေရာကို တရားလို၏ခင်ပွန်းနှင့် တရားပြိုင်တို့ကဝယ်ယူခဲ့ပြီး တရားလိုနှင့်ခင်ပွန်း ဦးအောင်ဆန်းကြည်၊တရားလို၏ဖခင်တို့က အဆောက်အအုံဆောက်ခဲ့ကြောင်း၊ ထိုဆိုင်မြေနေရာနှင့်ပတ်သက်၍လည်းခွဲဝေပေးခြင်းမရှိကြောင်းအဆိုပြုပြီး စွဲဆိုမှုဖြစ်သည်။

တရားပြိုင်က တရားလို၏ အဆိုပြုချက်များကို ငြင်းဆိုထားပြီး တရားလိုသည် ဟိုတယ်လုပ်ငန်း နှင့်ပတ်သက်သူမဟုတ်ကြောင်း၊ ဦးအောင်ဆန်းကြည်နှင့်ဦးဝင်းမြင့်တို့အကြား အစုရှယ်ယာလုပ်ကိုင်ကြောင်းခိုင်မာသည့်စာချုပ်စာတမ်းမရှိ၍ တရားစွဲဆိုခွင့်မရှိကြောင်း၊ တရားလို၏ခင်ပွန်းဦးအောင်ဆန်းကြည်(ကွယ်လွန်)နှင့်တရားပြိုင် ဦးဝင်းမြင့်တို့သည် ပန်းတောင်းမြို့နယ် ရွှေဘုံသာ၊ညောင်ပင်သာရှိ ဥယျာဉ်ခြံမြေ ၁၃ ဧကခန့်ဝယ်ယူထားရာ တရားလို၏ လက်ဝယ်၌ရှိနေပြီး စာရင်းရှင်းလင်းခွဲဝေရန် ကျန်နေကြောင်း၊တရားပြိုင်လက်ဝယ်ရှိပစ္စည်းသာကွက်၍ ရှင်းလင်းခွဲဝေပေးစေလိုမှုစွဲဆိုခွင့်မရှိကြောင်းချေပထားသည်။

အဆိုအချေများအရရုံးမှအောက်ပါငြင်းချက်များထုတ်ပေးခဲ့သည်-

၁။ ပြည်မြို့၊ဆံတော်ရပ်၊ကမ်းနားလမ်းရှိ PYAY STRAND HOTEL ကို တရားလိုတရားပြိုင်တို့ပူးတွဲပိုင်ဆိုင်လုပ်ငန်းလုပ်ကိုင်ခဲ့သည်ဆိုခြင်းမှာ မှန်သလား။

၂။ အထက်ပါဟိုတယ်နှင့်ပတ်သက်၍ တရားပြိုင်က တရားလိုအား စာရင်းရှင်းလင်းပေးရန် တာဝန်ရှိသည်ဆိုခြင်းမှာမှန်သလား။

၃။ ပြည်မြို့၊ ရွာဘဲနယ်မြေ၊ မူယာပင်အနောက်ရပ်ကွက်၊ကျွန်းတောလမ်းရှိ HAPPY PLACE အမည်ရှိ KTVဆိုင်နှင့်ပတ်သက်၍ တရားပြိုင်က တရားလိုအားစာရင်းရှင်းလင်းပေးရန် တာဝန်ရှိသည်ဆိုခြင်းမှာ မှန်သလား။

၄။ ငြင်းချက်(၁)နှင့်(၃)ပါ လုပ်ငန်းများနှင့်ပတ်သက်၍ တရားပြိုင်ကစာရင်းရှင်းလင်းပြီးတရားလိုသို့ငွေကျပ်သိန်း(၂၀၀၀၀)ကိုစာရင်းရှင်းသည့်နေ့ထိဘဏ်တိုးနှင့်တကွပေးထိုက်သည်ဆိုခြင်းမှာမှန်သလား။

၅။ PYAY STRAND HOTEL နှင့်ပတ်သက်၍ တရားလို၏ခင်ပွန်း ဦးအောင်ဆန်းကြည်နှင့်တရားပြိုင်တို့ ပူးတွဲလုပ်ကိုင်ကြောင်းစာချုပ်စာတမ်းမရှိသဖြင့် ဤအမှုတရားစွဲဆိုခွင့်မရှိဆိုခြင်းမှာမှန်သလား။

၆။ တရားလိုသည်မည်သည့်သက်သာခွင့်ရထိုက်ပါသနည်း။

ငြင်းချက်အမှတ် ၅ ကို ပဏာမငြင်းချက်အဖြစ်သတ်မှတ်ပြီး ဦးစွာကြားနာကာ တရားလိုသည် တရားစွဲဆိုခွင့်ရှိကြောင်း ဖြေဆိုဆုံးဖြတ်ခဲ့သည်။

ငြင်းချက်အမှတ် ၁

ပြည်မြို့၊အမှတ်(၆)ဆံတော်ရပ်ရှိ၊ကမ်းနားလမ်းရှိ PYAY STRAND HOTEL ကိုအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေကိုငှားရမ်း၍ ၄င်းမြေပေါ်တွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ဦးကျော်နိုင်(လိုပြ-၃)၊ ဦးဝင်းမောင်(ပြိုင်ပြ-၅)နှင့် တရားပြိုင် ဦးဝင်းမြင့်တို့ ၃ ဦးတို့၏ ရှယ်ယာများဖြင့် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။

ဦးကျော်နိုင်(လိုပြ-၃)နှင့် ဦးဝင်းမောင်(ပြိုင်ပြ-၅)တို့သည် ၂၈.၁.၂၀၁၀ နှင့် ၂၆.၃.၂၀၁၀ နေ့တို့တွင် ၄င်းတို့၏ရှယ်ယာများကို သက်သေခံ(က)(ခ)တို့ဖြင့် ဦးအောင်ဆန်းကြည်အား လွှဲပြောင်းရောင်းချခဲ့သည်။ ဦးကျော်နိုင်(လိုပြ-၃)နှင့် ဦးဝင်းမောင်(ပြိုင်ပြ-၅)တို့ကလည်း ၄င်းတို့၏အစုရှယ်ယာများကို ဦးအောင်ဆန်းကြည်က သက်သေခံ(က)(ခ)တို့ဖြင့် ရောင်းချခဲ့ကြောင်းထွက်ဆိုထားသည်။ ထိုအချိန်မှစ၍ ဦးဝင်းမြင့်နှင့် ဦးအောင်ဆန်းကြည်တို့သည် ဟိုတယ်လုပ်ငန်းကို ပူးတွဲပိုင်ရှင်များအဖြစ် လုပ်ကိုင်ခဲ့ကြောင်းပေါ်ပေါက်သည်။

တရားပြိုင်က ဦးအောင်ဆန်းကြည်အား လစဉ်အမြတ်ငွေကိုပေးခဲ့သည့်အထောက်အထားအချို့ကို တရားလိုက သက်သေခံ(ဌ)မှ(ဌ-၁၅)အထိ တင်ပြခဲ့သည်။ ထိုသက်သေခံချက်များအပေါ် တရားပြိုင်က ခုခံငြင်းဆိုခဲ့ခြင်းမရှိပေ။

ထို့ကြောင့် PYAY STRAND HOTEL ကို တရားလိုနှင့်တရားပြိုင်တို့ပူးတွဲပိုင်ဆိုင်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်ဟု ငြင်းချက်အမှတ် ၁ ကိုဖြေဆိုလိုက်သည်။

ငြင်းချက်အမှတ် ၂

PYAY STRAND HOTEL လုပ်ငန်းကို တရားပြိုင်က ကြီးကြပ်လုပ်ကိုင်ခဲ့သူဖြစ်ကြောင်း၊ ဦးအောင်ဆန်းကြည်ကွယ်လွန်ပြီးနောက် ဟိုတယ်ကို လက်ရှိထားကာ လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်းတွေ့ရသည်။ ဦးအောင်ဆန်းကြည်ရှိစဉ်က လစဉ် အမြတ်ငွေများကို ဦးအောင်ဆန်းကြည်အား ခွဲဝေပေးခဲ့ပြီး ဦးအောင်ဆန်းကြည်သည်ကွယ်လွန်ပြီးနောက် ဦးအောင်ဆန်းကြည်၏ဇနီးတရားလိုအားအမြတ်ငွေများကို ခွဲဝေပေးခဲ့သူဖြစ်ကြောင်းလည်းပေါ်ပေါက်သည်။

ဦးအောင်ဆန်းကြည်ကွယ်လွန်သည့် ၅.၆.၂၀၁၂ နေ့မှ ၈ လအထိ(၄.၂.၂၀၁၃နေ့ထိ ခန့်)အမြတ်ငွေကို တရားပြိုင်က တရားလိုအားခွဲဝေပေးခဲ့ပြီးနောက် ခွဲဝေပေးတော့ခြင်းမရှိတော့ကြောင်း တရားလိုက ထွက်ဆိုထားသည်။

ဟိုတယ်သက်တမ်းကုန်ဆုံးသည့်နေ့မှာ ၂၉.၉.၂၀၁၄ ဖြစ်သည်။ တရားပြိုင်က ဟိုတယ်လုပ်ငန်းကို ၂၂.၈.၂၀၁၅ နေ့အထိ ဆက်လက်လုပ်ကိုင်ခဲ့ကြောင်းထွက်ဆိုထားသည်။ ဒေါ်လာငွေများကို လစဉ်ရှင်းလင်းပေးသည်ဆိုသော်လည်း စာရွက်စာတမ်းအထောက်အထား မတင်ပြနိုင်ကြောင်း၊ တရားလိုအား ၈ လငွေရှင်းပေးစဉ်က ဒေါ်လာနှင့်ပတ်သက်၍ ရှင်းလင်းပေးခဲ့ခြင်းမရှိကြောင်းဝန်ခံထားသည်။

တရားပြိုင်သည် PYAY STRAND HOTELလုပ်ငန်းကို စီမံလုပ်ကိုင်ခဲ့သူတစ်ဦးဖြစ်၍ တရားလိုအား စာရင်းရှင်းလင်းပေးရန်တာဝန်ရှိသည်ဟု ငြင်းချက်အမှတ် ၂ ကိုဖြေဆိုသည်။

ငြင်းချက်အမှတ် ၃

တရားလိုက HAPPY PALACE အမည်ရှိ KTV ဆိုင်တည်ရာမြေကွက်ကို တရားလို ၏ခင်ပွန်းဦးအောင်ဆန်းကြည်နှင့်တရားလိုတို့က ထက်ဝက်စီထည့်၍ ကျပ်သိန်း ၁၀၀ ဖြင့် ဝယ်ခဲ့ကြောင်း၊ KTVဆိုင်မှာ ကျပ်သိန်း ၆၀၀ ခန့်ကုန်ကျခဲ့ပြီး တရားလို၏ဖခင် ဦးကိုကိုကြီး တရားလို၏ခင်ပွန်းဦးအောင်ဆန်းကြည်နှင့်တရားလိုတို့က လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းမှရသောအကျိုးအမြတ်ကိုလည်း တရားပြိုင်အားခွဲဝေပေးခဲ့ကြောင်း၊ ဦးကိုကိုကြီး၏အစုအတွက် ကျပ်သိန်း ၅၀၀သတ်မှတ်ပေးချေခဲ့ပြီးဖြစ်၍ တရားလိုသာအကျိုးခံစားခွင့်ရှိကြောင်း အဆိုလွှာအပိုဒ်၉ တွင် အဆိုပြုထားရာ တရားပြိုင်က အဆိုလွှာအပိုဒ် ၉ သည် တရားလိုနှင့် ပတ်သက်ခြင်းမရှိပါဟု ချေပထားသည်။

တရားလိုက KTV ဆိုင်မှအကျိုးအမြတ်များကို အပုံ ၂၀ ပုံပြီး မိမိက ၁၁ ပုံ၊ ဖခင် ဦးကိုကိုကြီးက ၆ ပုံ၊ တရားပြိုင်ဦးဝင်းမြင့်က ၃ ပုံ ခွဲဝေယူကြောင်း၊ တရားပြိုင်မှ ငွေလို၍ ပြန်အမ်းပေးခဲ့ရသောကြောင့် ၃ ပုံမှ ၁ ပုံကို ထပ်ယူခဲ့ကြောင်း၊ ဆိုင်နှင့်မြေနေရာမှာ မိမိလက်ဝယ်ရှိကြောင်း၊ ခင်ပွန်းသေပြီး ၈ လခန့်စာရင်းရှင်းပေးကြောင်းထွက်ဆိုသည်။

တရားပြိုင်က မြေကို တရားပြိုင်၏ အမည်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး KTV လုပ်ငန်းတွင်တရားပြိုင်က ငွေထည့်ဝင်ခြင်းမရှိဘဲ မြေကွက်ကို ရှယ်ယာထည့်ဝင်ခြင်းဖြစ်ကြောင်းလည်းထွက်ဆိုသည်။

တရားပြိုင်က KTV လုပ်ငန်းအတွက်ရှယ်ယာပါဝင်ခဲ့ခြင်းမရှိကြောင်း၊ မြေငှားခသာရယူခြင်းဖြစ်ကြောင်းထွက်ဆိုသည်။

တရားလို၏အဆိုလွှာအပိုဒ် ၉ နှင့် ၁၀ ပါအဆိုပြုချက်များနှင့်ရုံးရှေ့ထွက်ဆိုချက်တို့တွင် KTV လုပ်ငန်းနှင့် ငွေကြေးကိစ္စကို တရားပြိုင်က တာဝန်ခံလုပ်ကိုင်သူဖြစ်သည်ဟု အဆိုပြုထားကြောင်း၊ သက်သေထင်ရှားပြသထားကြောင်း မတွေ့ရပေ။

တရားပြိုင်သည် KTV ဆိုင်ကိုလက်ဝယ်ထားပြီးစီမံခန့်ခွဲခွင့်ရသူတစ်ဦးဖြစ်ကြောင်းမပေါ်ပေါက်ပေ။

သို့ဖြစ်၍ HAPPY PLACE အမည်ရှိ KTV နှင့်ပတ်သက်၍ တရားပြိုင်က တရားလိုအား စာရင်းရှင်းလင်းပေးရန် တာဝန်မရှိဟူ၍ ငြင်းချက်အမှတ် ၃ ကိုဖြေဆိုသည်။

ငြင်းချက်အမှတ် ၄

တရားလိုက တရားပြိုင်အပေါ် ငွေကျပ်သိန်း နှစ်သောင်းကို စာရင်းရှင်းလင်းခွဲဝေပေးသည့်နေ့အထိ ဘဏ်တိုးနှုန်းဖြင့် ဒီကရီချမှတ်ပေးရန် သက်သာခွင့်တောင်းဆိုသည်။

အယူခံတရားလို၏ရှေ့နေက တရားရုံးများလက်စွဲအပိုဒ် ၁၇၃ တွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၄ အရ အတိုးနှုန်းခွင့်ပြုထားကြောင်း၊ ၂.၄.၂၀၁၂ နေ့မှ ၁.၂.၂၀၁၃ နေ့အထိ တည်းခို

ခန်းမှ အမေရိကန်ဒေါ်လာ ၇၁၃၇ ရရှိသည်ဟု ပေါ်ပေါက်ကြောင်းလျှောက်ထားတင်ပြသည်။

တရားပြိုင်၏ရှေ့နေက ငွေကျပ်သိန်း နှစ်သောင်းဆိုသည်မှာ တရားပြိုင်က လုံးဝ သက်သေမပြနိုင်သော တောင်းဆိုချက်သာဖြစ်ကြောင်း၊ ပြန်လှန်စစ်မေးရာတွင် ၄င်းလိုချင်၍ စွဲဆိုခြင်းဖြစ်သည်ဟု ထွက်ဆိုထားကြောင်း၊ နှစ်ဖက်သက်သေခံချက်များအရသင့်မြတ်သော ငွေကြေးပမာဏကို ချမှတ်ရန်ဖြစ်ကြောင်း လျှောက်ထားတင်ပြသည်။

တရားလိုအား ပြန်လှန်စစ်မေးရာတွင် " ၂၀၁၀ မှစ၍ ဟိုတယ်ငှားရမ်းခ ဒေါ်လာငွေနှင့် အက်ဖ်အီးစီ၊ ယူရိုငွေများ၊ ဆောက်လုပ်ရေးခေါင်းစဉ်ဖြင့် စုထားသောငွေများခွဲဝေပေးခြင်းမရှိပါ။ ထိုငွေများပေါ်တွင် စုပေါင်းသတ်မှတ်တွက်ချက်၍လည်းကောင်း၊ ထိုငွေများအပေါ်တွင် ကျွန်မအတွက် အတိုးနှုန်းငွေများတွက်ချက်တောင်းခံခြင်းဖြစ်ပါသည်။ ထိုသို့တောင်းခံခြင်းမှာ ကိုယ့်သဘောနှင့်ကိုယ်တွက်ချက်တောင်းခံခြင်းဖြစ်သည်ဆိုလျှင်မှန်ပါသည် "ဟု ထွက်ဆိုထားသည်။

အမှုတွင် PYAY STRAND HOTEL လုပ်ငန်းကိုတရားလို၏ခင်ပွန်း ကွယ်လွန်သူ ဦးအောင်ဆန်းကြည်နှင့်တရားပြိုင်တို့ ပူးတွဲပိုင်ဆိုင်ခဲ့ကြသည်ဆိုသော သက်သေခံချက်သာပေါ်ပေါက်ပြီး တရားပြိုင်က တရားလိုအား ငွေကျပ်သိန်း နှစ်သောင်းပေးရန် တာဝန်ရှိကြောင်း သက်သေခံချက်မရှိသေးပေ။

တရားလို၏အဆိုလွှာတွင် တရားပြိုင်က တရားလိုသို့စာရင်းဇယားအတိအကျဖြင့် ငွေကျပ်သိန်းပေါင်း နှစ်သောင်းကိုရှင်းလင်းခွဲဝေပေးရန် တောင်းဆိုထားသည်ဖြစ်၍ တရားလိုနှင့် တရားပြိုင်တို့ အကြား စာရင်းရှင်းလင်းရန်ဖြစ်သည်ဟုပေါ်ပေါက်သည်။

အမှုတွင် PYAY STRAND HOTEL လုပ်ငန်းနှင့်ပတ်သက်၍ တရားပြိုင်က စာရင်းရှင်းလင်းရန်တာဝန်ရှိသည်။ စာရင်းရှင်းလင်းသည့်အခါမှသာ တရားလိုရထိုက်ခွင့်ရှိသည့် ဝေစုပေါ်ပေါက်လာမည်ဖြစ်၍ ယခုအဆင့်တွင် တရားလိုအဆိုပြုသော ငွေကျပ်သိန်း နှစ်သောင်းကို ရထိုက်ခွင့်ရှိကြောင်းဆုံးဖြတ်နိုင်မည်မဟုတ်ပေ။

သို့ဖြစ်၍ ငြင်းချက်အမှတ် ၁ ပါလုပ်ငန်းနှင့်ပတ်သက်၍ တရားပြိုင်က တရားလိုအား စာရင်းရှင်းလင်းရန်တာဝန်ရှိသည်။ တရားပြိုင်က တရားလိုသို့ငွေကျပ်သိန်းပေါင်းနှစ်သောင်းကိုပေးရန် ယခုအဆင့်တွင် ပေါ်ပေါက်ခြင်းမရှိသေးဟုငြင်းချက်အမှတ် ၄ ကိုဖြေဆိုသည်။

ငြင်းချက်အမှတ် ၆

တရားလို၏ရှေ့နေကPYAY STRAND HOTEL နှင့် HAPPY PALACE KTV တို့နှင့်ပတ်သက်၍ တိကျခိုင်လုံသော စာရင်းဇယားဖြင့် ငွေကျပ်သိန်းပေါင်း နှစ်သောင်းကိုပေးအပ်သည့်နေ့အထိ ဘဏ်တိုးနှုန်းနှင့်တကွ ရှင်းလင်းခွဲပေပေးစေကြောင်း အမိန့်ချမှတ်သင့်ကြောင်း လျှောက်ထားတင်ပြသည်။

တရားပြိုင်၏ရှေ့နေက တရားလိုသည် ကျပ်သိန်းပေါင်းနှစ်သောင်းခွဲဝေရထိုက်ကြောင်း လုံးဝသက်သေပြနိုင်ခြင်းမရှိကြောင်း၊ ရှယ်ယာခွဲဝေရထိုက်ပါက ရုံးကချင့်ချိန်၍ သင့်မြတ်သောပမာဏကိုသာခံစားရန်ဖြစ်ကြောင်း၊ တရားလို လက်ဝယ်ရှိ ဥယျာဉ်ခြံမြေ ၁၃ ဧက ခန့်ကိုခွဲဝေပေးရန် ထည့်သွင်းစွဲဆိုခြင်းမပြုဘဲ ချန်ထားသည်ဟု ပေါ်ပေါက်သဖြင့် အမှုကိုပလပ်ရန်ဖြစ်ကြောင်းလျှောက်ထားတင်ပြသည်။

တရားပြိုင်နှင့် တရားလို၏ခင်ပွန်းဦးအောင်ဆန်းကြည်တို့သည် PYAY STRAND HOTEL လုပ်ငန်းကို ပူးတွဲပိုင်ရှင်များအဖြစ် လုပ်ကိုင်ခဲ့ပြီး ဦးအောင်ဆန်းကြည် ကွယ်လွန်သွားသည့်အခါ ဇနီးဖြစ်သူ တရားလိုက ယခုအမှုကို စွဲဆိုခြင်းဖြစ်သည်။

အမှုတွင် တရားလိုနှင့် တရားပြိုင်တို့သည် အစုရှယ်ယာများဖြင့် ဟိုတယ်လုပ်ငန်း လုပ်ကိုင်ပြီး အမြတ်ငွေခွဲဝေယူကြကြောင်းအဆိုပြုထားသော်လည်း အစုစပ်လုပ်ငန်းအက်ဥပဒေအရ အစုစပ်လုပ်ငန်းဖျက်သိမ်းပြီး စာရင်းရှင်းလင်းပေးစေရန် သက်သာခွင့်တောင်းဆိုခြင်းမဟုတ်ပေ။

PYAY STRAND HOTEL နှင့် HAPPY PALACE KTV နှင့်ပတ်သက်၍ တိကျခိုင်လုံသော စာရင်းဇယားဖြင့် ငွေကျပ်သိန်းပေါင်း နှစ်သောင်းကို ပေးအပ်သည့်နေ့အထိ ဘဏ်တိုးနှုန်းနှင့်တကွ ရှင်းလင်းခွဲဝေပေးရန် သက်သာခွင့်တောင်းဆိုခြင်းဖြစ်သည်။ စွဲဆိုမှုမှာ suti for account against a co-sharer မျိုးဖြစ်သည်။ တရားပြိုင်ရှေ့နေတင်ပြသည့် **မမြပါ(၃) နှင့် မမြ**[၁]အမှုသည် ပစ္စည်းခွဲဝေပေးစေလိုမှု( suit for partition) နှင့်သက်ဆိုင်သည့်အမှုဖြစ်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၀ နည်း ၁၆ တွင် ကိုယ်စားလှယ်လွှဲသူနှင့် ကိုယ်စားလှယ်အချင်းချင်းငွေကြေးကိစ္စရပ်များကို စာရင်းရှင်းလင်းပေးစေလိုမှုနှင့်အထက်တွင် ပြဋ္ဌာန်းခဲ့ခြင်းမရှိသော အခြားတရားမမှုများတွင် အမှုသည်တစ်ဦးဦးကပေးရန် သို့မဟုတ် ရရန်ရှိသော ငွေပမာဏကို စိစစ်ရန် အလို့ငှာ စာရင်းများကောက်ယူရှင်းလင်းရန် လိုအပ်သည့်အခါ တရားရုံးသည် အပြီးသတ်ဒီကရီချမှတ်ခြင်းမပြုမီ ပဏာမဒီကရီချမှတ်ရမည်။ ထိုပဏာမဒီကရီတွင် တရားရုံးကသင့်သည်ထင်မြင်သည့် အတိုင်း စာရင်းများ ကောက်ယူရှင်းလင်းစေရန် ညွှန်ကြားရမည်ဟု ပြဋ္ဌာန်းထားသည်။

စာရင်းရှင်းလင်းပေးစေလိုမှုတွင် ပထမစိစစ်ရန်မှာ တရားပြိုင်သည် စာရင်းရှင်းလင်းရန် တာဝန်ရှိမရှိဖြစ်သည်။ ယခုအမှုတွင် တရားပြိုင်သည် PYAY STRAND HOTEL ကို စီမံလုပ်ကိုင်သူတစ်ဦးဖြစ်ပြီး အချင်းဖြစ်စဉ်က လက်ဝယ်ရှိခဲ့သူတစ်ဦးဖြစ်ကြောင်းပေါ်ပေါက်သဖြင့် စာရင်းရှင်းလင်းရန်တာဝန်ရှိသည်။

Messrs Nathmal Bhaironbux & co V. Kashi Ram[၂] အမှုတွင် တရားပြိုင်က သက်ဆိုင်ရာစာရင်းကိုရှင်းလင်းတင်ပြရန် တာဝန်ရှိကြောင်းပေါ်ပေါက်ပါက တရားပြိုင်က စာရင်းရှင်းလင်းတင်ပြရန်တာဝန်ရှိကြောင်းနှင့်တရားရုံးသို့ သတ်မှတ်ထားသည့်ကာလအတွင်း စာရင်းတစ်ရပ်တင်သွင်းစေရန် ဖော်ပြမြွက်ဟသည့် ကြားဖြတ်ဒီကရီတစ်ရပ်ကို တရားရုံးကချမှတ်သင့်ကြောင်းအောက်ပါအတိုင်းညွှန်ပြထားသည်-

> " If the defendant is found liable to render such account, the court should make an interlocutory decree,declaring that he is so liable,and directing him to file an account in court within a fixed period."

အမှုတွင် တရားလိုတောင်းဆိုသည့် ကျပ်သိန်းပေါင်းနှစ်သောင်းကို တရားပြိုင်က ပေးအပ်ရန် တာဝန်ရှိကြောင်းခိုင်လုံထင်ရှားသည့် သက်သေခံချက်မရှိသေးပေ။ စာရင်းများကောက်ယူရှင်းလင်းရန် လိုအပ်ကြောင်း ပေါ်ပေါက်သည်။

သို့ဖြစ်၍ တရားပြိုင်ဦးဝင်းမြင့်သည် တရားလိုဒေါ်စိုးမမင်းအား PYAY STRAND HOTELနှင့် ပတ်သက်သည့်စာရင်းများကို ရှင်းလင်းတင်ပြရန် တာဝန်ရှိကြောင်းနှင့် တရားပြိုင်ဦးဝင်းမြင့်သည် PYAY STRAND HOTEL နှင့်ပတ်သက်သည့်စာရင်းများကို စီရင်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဤရုံးသို့ တင်သွင်းရန် ညွှန်ကြားသည့် ပဏာမဒီကရီချမှတ်လိုက်သည်။

(တင်ဟုန်)
တရားသူကြီး

---

(၁) အထက်မြန်မာပြည်စီရင်ထုံး၊ အတွဲ(၂)၊(၁၈၉၇-၁၉၀၁)စာ ၂၂၉

(၂) A I R. 1973 Raj 271(275)